ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄ ) ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၆.၈၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၂၅-၂-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦးက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး ဆေးစစ်ခြင်းတို့ ဖြစ်ပါတယ်။ ယခင်က ခွင့်တိုင်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများတွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ ပြင်ဆင်ဖွဲ့စည်းမည့် အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သည် နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှု၍ အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများကို ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းတွင် ဖွဲ့စည်းခဲ့ပါတယ်။

ယခုအခါ အဆိုပါ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို ပြင်ဆင် ဖွဲ့စည်းရန် လိုအပ်လာပါတယ်။

ဒါ့ကြောင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများတွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ ပြင်ဆင်ဖွဲ့စည်းမည့် အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် မြန်မာ-ဩစတြေးလျ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း တို့ဖြင့် တာဝန်ပေး ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဒေါ်နန်းမိုးမိုးထွေး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) |
| (၂) | ဦးကျော်ကျော်ဝင်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၃) | ဒေါက်တာကျော်သန်းထွန်း | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) |
| (၄) | ဦးသန်းစိုး(ခ) သန်းစိုး (ဘောဂဗေဒ) | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |
| (၅) | ဦးထိန်ဝင်း | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |
| (၆) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၇) | ဦးစိုင်းသာစိန် | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| (၈) | ဦးအောင်ဝင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) |

တို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မြန်မာ-ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းတွင် ဥက္ကဋ္ဌ အဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း တို့ဖြင့် တာဝန်ပေးပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးမျိုးဝင်း | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၂) | ဦးမြင့်နိုင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၃) | ဒေါ်မမလေး | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၄) | ဦးရဲမြင့်စိုး | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) |
| (၅) | ဦးမောင်မောင်အုန်း | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| (၆) | ဦးဝင်းဇော် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) |
| (၇) | ဦးမင်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) |
| (၈) | ဦးထွန်းလင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) |

တို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၊ အတွင်းရေးမှူး အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး တို့ဖြင့် တာဝန်ပေး ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးဇခုန်တိန့်ယိန်း | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၂) | ဒေါ်ရှားမူ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၃) | ဒေါက်တာမျိုးအောင် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| (၄) | ဦးလှဦး | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |
| (၅) | ဦးကင်းရှိန် | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) |
| (၆) | ဦးဝေစိန်အောင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (၇) | ဦးဝင်းကြိုင် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) |
| (၈) | ဒေါ်သန်းသန်းအေး | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) |
| (၉) | ဦးစိုးအောင် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |

တို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မြန်မာ-မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းတွင် ဥက္ကဋ္ဌ အဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ အတွင်းရေးမှူး အဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် တို့ဖြင့် တာဝန်ပေး ပြင်ဆင်ဖွဲ့စည်းမှာ ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးမာန်လောမောင်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၂) | ဦးနိုင်သီဟ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) |
| (၃) | ဦးကျော်သိန်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) |
| (၄) | ဒေါက်တာဝင်းမြင့်ချစ် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) |
| (၅) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |
| (၆) | ဦးစိုင်းဝမ်းလှိုင်းခမ်း | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (၇) | ဦးကိုကိုနိုင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) |
| (၈) | ဦးဟန်ဝင်းသိန်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) |

တို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မြန်မာ-ဖိလစ်ပိုင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းတွင် ဥက္ကဋ္ဌ အဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ်၊ အတွင်းရေးမှူး အဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် တို့ဖြင့် တာဝန်ပေး ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးစိုင်းလုံစံခတ် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) |
| (၂) | ဒေါက်တာခင်မကြီး | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၃) | ဒေါ်လွီးဇာ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) |
| (၄) | ဦးအောင်မျိုးလတ် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| (၅) | ဦးဖေချစ် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) |
| (၆) | ဦးပူဂင်ကမ်းလျန် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၇) | ဦးစိုင်းသန်းနိုင် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၈) | ဒေါက်တာလင်းဝေဖြိုးလတ် | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |

တို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မြန်မာ-အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဦးဝင်းမြတ်အေး၊ အတွင်းရေးမှူး အဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် တို့ဖြင့် တာဝန်ပေး ပြင်ဆင်ဖွဲ့စည်း မှာဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဒေါ်နော်ဆာမူထူး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) |
| (၂) | ဦးဟင်နရီဗန်ထီးယူ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (၃) | ဦးဖေတင် | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) |
| (၄) | မန်းထွန်းကြိုင် | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) |
| (၅) | ဦးရဲထွန်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| (၆) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (၇) | ဦးတင်ဝေ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) |
| (၈) | ဦးအောင်သိန်း | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) |
| (၉) | ဦးကျော်ဆွေ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |

တို့ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ရဲ့ ပြင်ဆင်ဖွဲ့စည်းမည့် အမည်စာရင်းများကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်နှင့် ဩစတြေးလျ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ရဲ့ ပြင်ဆင်ဖွဲ့စည်းမည့် အမည်စာရင်း များကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် မျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၀း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]